# M.Salim (ခ) ကိုစည်သူဝင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ ၈၂လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဦးပိုင်အမှတ်(၅၅/၅၆)နေ ရွှတ်(ခ်)စာရ်ခါန်း(ခ) မခိုင်ဇာမြင့်(ဘ)ဦးမောင်မောင်ဝင်း(၉/ခအဇ(နိုင်)၀၁၇၉၃၀)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ရွှတ်(ခ်)စာရ်ခါန်း(ခ)မခိုင်ဇာမြင့်နှင့် M.Salim(ခ)ကိုစည်သူဝင်းတို့သည်(၂၆-၁၂-၂၀၁၂)ရက်တွင် အစ္စလာမ်ထုံးတမ်းအစဉ်အလာအရ နိကာဟ်ပြုပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား၊ သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ပေါင်းသင်းနေထိုင်စဉ်ကာလများအတွင်း M.Salim(ခ) ကိုစည်သူဝင်းသည် ကျွန်ုပ်၏မိတ်ဆွေအပေါ် လင့်ဝတ္တရားကျေပွန်ခြင်းမရှိသည့်အပြင် စိတ်ဆင်းရဲမှု၊ စိတ်ဒုက္ခရောက်အောင်ပြုလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ယောက္ခမဖြစ်သူအပေါ် ငွေကြေးအလွဲသုံးစားပြုလုပ်ခြင်းများ ပြုလုပ်လာသည့်အတွက်(၁၈-၁၁-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်ပြုလုပ်ခဲ့ကြသည်ဟု သိရှိရပါသည်။ ယင်းကတိစာချုပ်အရ M.Salim(ခ)ကိုစည်သူဝင်းမှ နောက်နောင်တွင် ဆက်လက်ဆိုးသွမ်းခြင်း၊ မိသားစုအား စိတ်ဒုက္ခပေးခြင်း၊ ငွေကြေးလိမ်လည်တောင်းခံခြင်းများ ပြုလုပ်မည်ဆိုပါက ကျွန်ုပ်၏မိတ်ဆွေ ရွှတ်(ခ်)စာရ်ခါန်း(ခ)မခိုင်ဇာမြင့်နှင့် သားသမီးတို့၏ရှေ့ရေးကိုထောက်ရှုပြီး အစ္စလာမ်ထုံးစံအရ ကွာရှင်းပေးမည်ဟု ဝန်ခံကတိပြုခဲ့သော်လည်း M.Salim(ခ)ကိုစည်သူဝင်းသည် ယင်းကတိစာချုပ်ပါ စည်းကမ်းချက်များအတိုင်း ပြုပြင်နေထိုင်ခြင်း မရှိဘဲ ချိုးဖောက်ခဲ့သည်ဟု သိရှိရပါသည်။ (၁၈-၁၁-၂၀၂၄)ရက်စွဲပါ ဝန်ခံကတိစာချုပ်အား M.Salim(ခ)ကိုစည်သူဝင်းမှ လိုက်နာမှုမရှိခြင်း၊ လင့်ဝတ္တရားကျေပွန်မှုမရှိခြင်း၊ စိတ်ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းများ ထပ်မံပြုလုပ်လာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ M.Salim(ခ)ကိုစည်သူဝင်းနှင့် ပေါင်းသင်းလိုသည့်ဆန္ဒမရှိတော့သဖြင့် အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်၊ အဖွဲ့ခွဲ(ပြင်ဦးလွင်)သို့ တင်ပြပြီး အစ္စလာမ်ရှရီအသ်နှင့်အညီ ကွာရှင်းခွင့်ပြုရန် တောင်းဆိုတင်ပြခဲ့ပါသည်။ ပြင်ဦးလွင်မြို့နယ် မော်လဝီအဖွဲ့ချုပ်၊ အဖွဲ့ခွဲ(ပြင်ဦးလွင်)မှ ကျွန်ုပ်မိတ်ဆွေ၏တောင်းဆိုမှုအပေါ် ရှရီအသ်တရားတော်နှင့်အညီ(၂၈-၇-၂၀၂၅)ရက်စွဲပါ စာအမှတ်(၀၀၂၅/၂၀၂၅/ဓမ္မ/မလဝ/ပဉလ)ဖြင့် ဖသ္သဝါဓမ္မသတ်ဆုံးဖြတ်ချက်ဖြေကြားမှုအရ လင်မယားအဖြစ်မှ အပြီးပြတ်ကွာရှင်းခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ရွှတ်(ခ်)စာရ်ခါန်း(ခ)မခိုင်ဇာမြင့်နှင့် M.Salim(ခ)ကိုစည်သူဝင်းတို့သည် အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်သွယ်၊ ဆက်ဆံခြင်းများ လုံးဝမရှိတော့ပါကြောင်းနှင့် နောက်နောင် ကျွန်ုပ်မိတ်ဆွေဖြစ်သူအပေါ် ဂုဏ်သိက္ခာထိခိုက်စေမည့်ကိစ္စရပ်များအား ပတ်ဝန်းကျင်တွင်ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်း၊ လူမှုကွန်ရက်ပေါ်တွင်တင်ခြင်းတို့ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ရွှတ်(ခ်)စာရ်ခါန်း(ခ)မခိုင်ဇာမြင့် (၉/ခအဇ(နိုင်)၀၁၇၉၃၀)**
**ဖုန်း ➤ ၀၉-၇၆၉၀၁၀၁၅၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ထွန်းဦး(LL.B) အထက်တန်းရှေ့နေ (စဉ်-၃၈၃၂၈)**
**ဖုန်း ➤ ၀၉-၇၉၇၂၅၃၁၄၅**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှရောင်းချသော မြရည်နန္ဒာအိမ်ရာတွင် ဦးမြင့်ဦး(ဘ)ဦးဟန်(၉/အမရ(နိုင်)၁၀၇၄၄၅)အမည်ပေါက်(မမ-၁၆)၊ တိုက်(၁၈)၊ အခန်း(၃၀၇)၊ တတိယထပ်တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းအိနိုင်(ဘ)ဦးဝင်းမာ(၉/နထက(နိုင်)၁၃၉၅၅၃)မှ အရောင်းအဝယ်စာချုပ်အဆက်ဆက်တို့ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)သို့ တိုက်ခန်းတန်ဖိုးငွေများအားလုံးကို ကျွန်ုပ်၏မိတ်ဆွေမှ အပြေအကြေပေးဆပ်ခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်အခန်း၏အမည်ပေါက်စာအုပ်မူရင်းအား ထုတ်ယူရန်အတွက် မန္တလေးမြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာနသို့ဖြစ်စေ၊ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းအိနိုင်၏ လွှဲအပ်ချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၇၂)**
**(ဖဖ-၃)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၉၇၄၅၁၀၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်နံပါတ်(၁၅)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်ချို အမည်ပေါက် ဂရန်မြေကွက်၏တောင်ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ငွေး(ဘ)ဦးဘစိန်(၉/မကန(နိုင်)၀၄၈၈၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ | **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ |

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၂၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က/အပိုင်း-၄)၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ(၀ ဒသမ ၀၇၃၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပူးတွဲအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးကျော်ထွေး(ဘ)ဦးလှဘော်(၁၃/သပန(နိုင်)၁၀၃၄၀၄)နှင့် ဒေါ်ငွေးငွေးရီ(ဘ)ဦးစောဖေ(၁၃/သပန(နိုင်)၀၀၃၂၁၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးနန္ဒာထွန်း (LL.B, DBL, DIL)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်ကောင်းစုဝမ်း (LL.B)** အထက်တန်းရှေ့နေ |

**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၄၄၀၀၆၅၄၅၊ ၀၉-၉၆၄၄၄၆၅၄၆**

## မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၂)၊ ဦးပိုင်အမှတ်(၃၄-က)၊ ဧရိယာ(၀ ဒသမ ၀၃၀၆)ဧကနှင့် ဦးပိုင်အမှတ်(၃၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၂၃) ဧက အကျယ်အဝန်းရှိသော ဒေါ်စိန်ရီ အမည်ပေါက် ဘိုးဘပိုင်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အာရ်စီ(၃)ထပ်ခွဲ အဆောက်အအုံ၊ ရေမီတာ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(၃)လုံး(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးမူဆာ(ခ)ဦးသိန်းမြင့်(ဘ)ဦးဟယ်ယား(၁၂/ဒဂန(နိုင်)၀၂၃၅၉၆)၊ (၂)ဒေါ်ဖူဆိုက်ချင်း(ခ)မစိန်ရီ(ဘ)ဦးဖူရီလူ(၁၂/ဒဂန(နိုင်)၀၂၆၉၉၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်ကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

